ဿ့ဂကိလု

# အားလပ်ရက် အပြန်ခရီး

## {အားလပ်ရက် အပြန်ခရီး}

## စ-ဆုံး ဝတ္ထုတို

"ကုန်းဆင်း ရောက်ပြီ ကုန်းဆင်း ..."

ကားပေါ်မှ အော်သံကြောင့် မင်းသက် မှိန်းနေရာမှ ဖျတ်ခနဲ အသိစိတ် ဝင်လာခဲ့သည် ။

"ဟူး တော်သေးတာပေါ့ မှတ်တိုင် ကျော်တော့မလို့ ..."

စိတ်က တွေးမိသည် နှင့် နာရီကို ကြည့်မိသောအခါ ည 20း10 သို့ ရောက်နေပြီ။

မင်းသက် အားလပ်ရက် ရန်ကုန်မှ ရွာသို့ ပြန်လာခဲ့ခြင်း ဖြစ်သည် အရင်ဆို စောစော ရောက်နေကြ ဖြစ်သော်လည်း ဒီနေ့မှ ကံဆိုးစွာဖြင့် စီးလာသော ကားက ဘရိတ်ပေါက် နေသည် ဖြစ်သောကြောင့် ညအချိန်မှ ရောက်ခဲ့ခြင်းပင်။

မင်းသက် ဘေးဘီကို မျက်လုံး ကစားလိုက်သည် ကားပေါ်မှ အတူဆင်းသူတိုင်း ဒီနားကပဲ ဖြစ်နိုင်လေသည် ။ လာကြိုနေသူတွေနဲ့ အသီးသီး ရှိနေလေ၏။

သူ ခပ်သွက်သွက်လေး ကွမ်းယာဆိုင် သွားလိုက်သည် ဆိုင်ရှင်အား။

"အစ်ကို ဒီချိန် ကွင်းသစ်ကို ဆိုင်ကယ် ငှားမရဘူးလားဟင်"

"ညီလေးက ကွင်းသစ် ပြန်မှာ လား ငှားရင်တော့ ရမှာ ပါ ဒါပေမဲ့ ညဈေး ပေးရလိမ့်မယ်..."

"ဟုတ်ပါတယ် အစ်ကို ရနိုင်မလား မသိဘူး..."

"ဟာ ရပါတယ် အစ်ကို လိုက်ပို့မယ်လေ..."

"ကျေးဇူးပါ အစ်ကို ဘယ်လောက် ပေးရမလဲ..."

"၅၀၀၀ တော့ပေးလေ..."

မင်းသက် စဉ်းစားလိုက်သည် ခြေလျင်ပြန်ပါက အနည်းဆုံး ၃ နာရီ နီးပါးတော့ လျှောက်ရမည့် ခရီး ထို့အတူ ရွာဆက်ကမရှိ ခရီးက ခရီးကြမ်း

"ကောင်းပါပြီ အစ်ကို သွားကြမယ်လေ..."

ဒီလိုနဲ့ ဆိုင်ကယ်လေးပေါ်မှ မင်းသက် လိုက်ပါ လာခဲ့သည်။

"မိုး အခြေအနေ မကောင်းဘူး ညီလေးရေ မြန်မြန်မောင်းမှ ပဲ ထင်တယ်..."

"အစ်ကို့သဘောပါ မိုးကတော့ ရွာမယ် ထင်တယ် ခုတောင် ကြယ်ရောင် ပျောက်နေပြီလေ..."

"ညီလေးက ရန်ကုန်က ပြန်လာတာလား..."

"ဟုတ်ပါတယ် မပြန်တာကြာပြီမို့ ပြန်လာတာ..."

"သြော် အေး ဘာလုပ်သလဲ ဟိုမှာ က..."

"ကားမောင်းပါတယ် အစ်ကို ..."

စကားလေး တပြောပြောနှင့် ခရီးက တစ်ဝက်လောက် ရောက်ရှိ

လာပြီ ဖြစ်၏။

"ကောင်းတာပေါ့ ဒါနဲ့ ..."

ဒုတ် ... ဖောက် ...

စကားပင် မဆုံးတတ်သေး မတိုးမကျယ် အသံနှစ်ချက် မင်းသက်နား အတွင်း တိုးဝင်လာသည် ။

"သွားပြီ ညီလေးရေ ဘီးပေါက် သွားပြီကွာ..."

"ဟင် ဟုတ်လား အစ်ကို ဘယ်လိုလုပ်မလဲ ဒါဆိုရင် ခုမှ ခရီးက တစ်ဝက် မရှိတတ်သေးဘူးနော်..."

တစ်နေ့လုံး ကားပျက်လိုက် ဆိုင်ကယ်ဗွားလည်း အဆင်မပြေ ဖြစ်နေတာကြောင့် မင်းသက် စိတ်ပျက်မိသည် ။

"ဟုတ်တယ် ညီလေး ဒါပေမဲ့ အစ်ကိုပြန်တွန်း ရလိမ့်မယ် ကုန်းဆင်းထိ ညီလေး ပြန်လိုက်မလား ဒါမှ မဟုတ် ဒီကပဲ ဆက်လျှောက်မလား..."

မင်းသက် စဉ်းစား လိုက်မိသည် ။ ခရီးက တစ်ဝက်လောက် ရောက်နေလေပြီ။ ခြေလျင်ပဲ သွားမည်ဟု ဆုံးဖြတ်ကာ။